တက္ကသိုလ်

သီဟဒေါင်

ဆိုထုံးခ်ကို ကျူးငေဖးလွှဲ

ချိုင်းထီပင်ခေါင်

ပထမပိုင်း



ဧည့်သည်ဆိုး

“ဂျိမ်း”

မိုးခြိမ်းသံ ထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်၌ လျှပ်စစ်နှယ်လျှပ်ပန်းများ ပြိုးခနဲ ပြက်ခနဲ ဝင်းလက်သွားသည်။

လေတဟူးဟူး တိုက်ခတ်လာသကဲ့သို့ တိမ်ညို တိမ်မည်းများလည်း အလိပ်လိုက် အလိပ်လိုက် တက်လာသည်။

အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားပြီး . . .

“ ဟူး . . . ဟူး . . . ဟူး”

“ဝေါ . . . ဝေါ . . . ဝေါ ”

မိုးသက်လေပြင်း ကျရောက်လာလေတော့သည်။

ထိုအချိန်တွင်
ချည်ကြမ်းအင်္ကျီရှည်ဝတ်ဆင်ထားသူတစ်ယောက်သည် ကွေ့ကွေ့ကောက်ကောက် လမ်းကလေးအတိုင်း ခပ်သုတ်သုတ် လျှောက်လှမ်းသွားနေ၏။

မိုးရေများက သူ၏တစ်ကိုယ်လုံး ရွဲရွဲစိုသွားစေသည်။

ခြေတစ်လှမ်း လှမ်းလိုက်တိုင်း သူ၏ကိုယ်ပေါ်မှ စီးကျသွားသော ရေများက နီရဲလျက် မြေပေါ်ကျကျန်ရစ်ခဲ့သည်။

သူ၏ အဝတ်အစားများ၌ သွေးများပေကျံနေပါသည်။

ထိုသွေးများအား မိုးရေက ဆေးကြောပေးလိုက်သကဲ့သို့ ရှိနေသည်။

ကွေ့ကွေ့ကောက်ကောက် လမ်းကလေးအတိုင်း သွားလိုက်ရာ မကြာပါချေ။

မီးရောင်များ ထွက်ပေါ်နေသော အိမ်ကလေး တစ်လုံးကို တွေ့လိုက်ရလေသည်။

ဤနေရာ အနီးတစ်ဝိုက်၌ ရွာကလေးတစ်ရွာရှိနေကြောင်း ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသူ ကောင်းစွာ သိထားလေသည်။

မီးရောင်များ ထွက်ပေါ်နေသော အိမ်ကလေးမှာ ထိုရွာကလေးမှ အိမ်တစ်လုံးဖြစ်ရပေမည်။

ကျေးရွာများ၏ ထုံးစံအတိုင်း တစ်အိမ်နှင့်တစ်အိမ် အလှမ်းကွာဝေးသည့် သဘောရှိလေသည်။

ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသူက မီးရောင်ထွက်ပေါ်နေသော အိမ်ကလေးဆီသို့ ဦးတည်လှမ်းသွားလိုက်၏။

မိုးရေကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းနေပြီဖြစ်ပါသည်။

တစ်ကိုယ်လုံး အားအင်ကုန်ခန်းကာ ပင်ပန်းနွမ်းနေသည်။

ဗိုက်ထဲလည်း ဆာလောင်နေသည်။

အနားယူ စားသောက်လိုစိတ်များ ပြင်းပြနေ၏။

ထို့ကြောင့် ဤအရပ်ဒေသ၌ သူ့အတွက်

လုံခြုံစိတ်ချရမည်မဟုတ်ကြောင်း နားလည်ထားသော်လည်း မီးရောင်ထွက်ပေါ်နေသော အိမ်ကလေးဆီသို့ လှမ်းသွားနေခြင်းဖြစ်လေသည်။

"ဝုတ်"

အိမ်ကလေးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားသောအခါ ခွေးတစ်ကောင်က စူးစူးဝါးဝါး ထိုးဟောင်လိုက်သည်။

ထို့နောက် မိုးရေများကြားမှ ဖြတ်ကာ အဝေးသို့ ပြေးလွှားလေတော့သည်။

ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသူ အိမ်ကလေးဆီသို့ ဆက်၍ လှမ်းသွားလိုက်လေသည်။

အိမ်ကလေးက ခပ်သေးသေးဖြစ်ပါသည်။

လယ်သမား၊ ယာသမားများနေထိုင်သည့် အိမ်ကလေးမျိုးဖြစ်လေသည်။

ချည်ကြမ်းအင်္ကျီဝတ်ထားသူသည် အိမ်ကလေးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်

ထိုလူက အသံပေးလိုက်သည်။

" အိမ်ရှင်တို့ . . . အိမ်ရှင်တို့"

မိုးသံ လေသံကြားခဲ့ သူ၏ခေါ်သံ ထိုးဖောက်ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် . . .

" ဘယ်သူလဲ"

မေးမြန်းသံနှင့်အတူ အိမ်တံခါး ပွင့်သွားလေသည်။

ချည်ကြမ်းအင်္ကျီဝတ်ထားသူက . . .

“ ကျုပ်က ခရီးသည်တစ်ယောက်ပါဗျာ၊ မိုးမိလာလို့ ခဏလောက် နားခိုခွင့်ပြုပါ ”

အကူအညီ တောင်းလိုက်လေသည်။

အိမ်ရှင်မှာ ရိုးသားပြီး သဘောကောင်းသူ ဖြစ်ပုံရလေသည်။

အခက်အခဲ ကြုံတွေ့သူတစ်ယောက်အား အကူအညီပေးဖို့ ဝန်မလေးသူလည်း ဖြစ်လေသည်။

“ ဟာ ရပါတယ်၊ လာပါ၊ အိမ်ထဲဝင်ခဲ့ပါ ”

အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်လေသည်။

“ ကျေးဇူးပါပဲဗျာ”

ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသူလည်း ကျေးဇူးတင်စကားပြောကာ အိမ်ထဲဝင်လိုက်လေသည်။

အိမ်ထဲ၌ မီးလင်းဖိုကြီးတစ်လုံး ရှိနေပါသည်။

အိမ်ရှင်သည် ချည်ကြမ်းအင်္ကျီဝတ်ဆင်ထားသူ မိုးစိုရွှဲနေသည်ကို တွေ့ရသဖြင့် . . .

“ကျုပ်ရဲ့ အဝတ်အစားတွေ ခဏဝတ်ထားပြီး မင်းရဲ့အင်္ကျီတွေကို မီးကင်လိုက်ရင် ကောင်းမယ်၊ ကျုပ်က ဝက်နံရိုးဟင်းချိုချက်ထားတယ်၊ ပူပူလေး သောက်လိုက်ပေါ့၊ ဒါမှမဟုတ် အချမ်းပြေအောင် အရက်သောက်ချင်တယ်ဆိုရင်လည်း သောက်ပါ ”

လူစိမ်းဧည့်သည်အတွက် လိုအပ်သည်များကို ကူညီလိုက်လေသည်။

လူစိမ်းက အိမ်ရှင်၏အဝတ်အစားများကို ပြောင်းလဲဝတ်ဆင်လိုက်သည်။

အရက်အိုးကို ဝက်နံရိုးစွပ်ပြုတ်နှင့် မြည်းလိုက်သည်။

အချမ်းပြေကာ နွေးနွေးထွေးထွေး ဖြစ်သွားလေတော့သည်။

အိမ်ရှင်အား ကျေးဇူးတင်စရာ ကောင်းလှသည်။

မိုးခိုခွင့်ရသည်၊ အဝတ်အစားများ လဲလှယ်ဝတ်ဆင်ခွင့်ရသည်၊ အရက်နှင့် စားစရာရသည် မဟုတ်ပါလား။

လူစိမ်းက အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။

အိမ်ရှင်က . . . .

“ ခုရက်ပိုင်းထဲမှာ မိုးအတော် ကောင်းတာပဲ”

“ ဟုတ်ပါတယ်”

“ မိုးရွာနေတာပဲ ကောင်းပါတယ်၊ ဒါမှမဟုတ်ရင် အပြင်ထွက်ပြီး အလုပ်လုပ်နေရဦးမှာ”

“ အလုပ်လုပ်တာက အိမ်ထဲမှာ နေရတာနဲ့စာရင် ပိုမကောင်းဘူးလားဗျာ”

“ ကောင်းတော့ ကောင်းပါတယ်။ ဒါပေမဲ့ ခုချိန်မှာတော့ ကောင်းမယ် မထင်ဘူး”

“ ဘာဖြစ်လို့လဲဗျ”

“ခုတလော ကျုပ်တို့ နယ်ဘက်ကို လူဆိုးကြီးတစ်ယောက် ရောက်လာတယ်ဆိုပြီး သိုင်း သမားတွေ လှုပ်ရှားနေကြတယ်။

ဂူတန်ဂိုဏ်းက လူတွေလည်း ရောက်လာကြတယ်။ ပြီးတော့ တိုက်ပွဲတွေဖြစ်နေတယ်လေ”

“ သြော်”

“ မောင်ရင်လေးလည်း ခရီးသွားတာ သတိထားသွားပါ။ တော်ကြာ လူဆိုးကြီးနဲ့တွေ့မှာ စိုးရိမ်ရတယ်”

လူစိမ်း ပြုံးလိုက်သည်။

“ကျုပ် မကြောက်ပါဘူးဗျာ”

ထိုစဉ် . . .

“ဖေဖေ”

ခေါ်သံနှင့်အတူ ဆီစိမ်ထီးကလေးတစ်လက် ဆောင်းထားသော မိန်းကလေးတစ်ယောက် အိမ်တံခါးပေါက်သို့ ရောက်လာ၏။

အိမ်ရှင် ကဗျာကယာ ဆီးကြိုလိုက်သည်။

“ သမီး ပြန်လာပြီကိုး”

မိန်းကလေး၏လက်ထဲ၌ အထုပ်အပိုးများ ရှိနေ၏။

စားသောက်ဖွယ်ရာနှင့် လိုအပ်သည့် ပစ္စည်းများ သွားဝယ်ပြီး ပြန်လာပုံမျိုး ဖြစ်လေသည်။

မိန်းကလေးမှာ ကျေးတောသူတစ်ယောက်ဖြစ်သည့်အတိုင်း ကျန်းမာသန်စွမ်းပြီး မပြင်မဆင်ဘဲ ချောမောသူလေးဖြစ်ပေသည်။

လူစိမ်းဧည့်သည်က မိန်းကလေးအား စိုက်ကြည့်နေ၏။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပနေသည်။

အရက်ရှိန်ကြောင့် မျက်နှာအဆီပြန်ကာ မျက်လုံးများ နီရဲနေ၏။

မိန်းကလေးအား ကြည့်နေသည့် သူ၏အကြည့်က မရိုးသားကြောင်း ထင်ရှားပေါ်လွင်နေသည်။

မိန်းကလေးကလည်း တစ်ချက်ကြည့်ကာ . . .

“ ဖေဖေ သူက ဘယ်သူလဲဟင် ”

ဟု တီးတိုးမေးလာလေသည်။

အိမ်ရှင်က . . .

“ မိုးမိလာတဲ့ ခရီးသွားတစ်ယောက်ပါ သမီးရယ်၊ ဖေဖေ ကူညီထားပါ”

မိန်းမပျိုက . . .

“ ဖေဖေ လူဆိုးကြီးတစ်ယောက် သည်ဘက်ကို ရောက်လာတယ်လို့ ပြောနေကြတယ်”

အိမ်ရှင်က . . .

“ ဝူတန်ဂိုဏ်းက သိုင်းသမားတွေ လိုက်ရှာနေကြတာပဲ သမီးရယ်၊ ဘာမှ စိုးရိမ်စရာ မလိုပါဘူး၊ ကဲ လာ . . . လာ”

မိန်းမပျိုအား အိမ်ထဲသို့ ခေါ်ဆောင်သွားလေသည်။

လူစိမ်းက သားအဖနှစ်ယောက်အား မျက်တောင်မခတ်ကြည့်နေ၏။

အိမ်ရှင် အတွင်းဘက်မှ ပြန်ထွက်လာသောအခါ လူစိမ်းက အရက်တစ်အိုးကုန်အောင် သောက်ထားပြီးပြီဖြစ်လေသည်။

မိုးက တဖြည်းဖြည်းစဲသွားသည်။

အိမ်ရှင်က . . .

“ မိုးတောင် စဲသွားပြီ”

ဟု ပြောလိုက်သည်။

လူစိမ်းအား ပြန်သွားစေလိုသည့်သဘော ဖြစ်လေသည်။

လူစိမ်း ထိုင်ရာမှ မထချေ။

အိမ်ရှင်ကိုမေးလိုက်သည်။

“ ခင်ဗျားတို့ သားအဖနှစ်ယောက်ထဲ နေတာလားဗျ”

အိမ်ရှင်က . . .

“ ဟုတ်တယ်၊ ကျုပ်ဇနီးသည် မနှစ်က ကွယ်လွန်သွားတာ၊ ကျုပ်တို့သားအဖနှစ်ယောက်ပဲ ကျန်ခဲ့တော့တယ်လေ”

လူစိမ်းက . . .

“ ခင်ဗျားက တောင်ယာလုပ်တာလား”

အိမ်ရှင် ခေါင်းညိတ်လိုက်သည်။

“ ဟုတ်တယ်၊ ကျုပ်က တောင်ယာလုပ်တဲ့အပြင် ထင်းခုတ်တယ်၊ အမဲလိုက်တယ်၊ အလုပ် မရွေးဘဲ အကုန်လုပ်တယ်လေ”

“ ဒါဖြင့် ခင်ဗျားတို့ သားအဖနှစ်ယောက် ချောင်ချောင်လည်လည် ရှိမှာပေါ့”

“ ကျုပ်တို့သားအဖအတွက် စားဝတ်နေရေး ဘာမှမပူရပါဘူးလေ”

လူစိမ်းက . . .

“ ငွေပိုငွေလျှံကော မရှိဘူးလားဗျ”

“ ဒါက . . . ”

အိမ်ရှင်သည် လူစိမ်း၏အမေးကို အဖြေပေးရန် ဟန်ပြင်ပြီးမှ မပြောဘဲ နေလိုက်လေသည်။

လူစိမ်းကိုလည်း သက််မကင်းသလို ကြည့်လိုက်သည်။

လူစိမ်းက စကားလမ်းကြောင်း ပြောင်းလိုက်သည်။

“ သည်အရပ်ဒေသမှာ တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့ သိုင်းဆရာကြီး တစ်ယောက် ဇာတ်မြုပ်နေထိုင်တယ်ဆိုတာကရော တကယ်ပဲလား”

အိမ်ရှင်က . . .

“ အင်း သိုင်းဆရာကြီးတစ်ယောက် ရှိတယ်လို့တော့ ကြားမိပါတယ်။ ဒါပေမဲ့ သူ ဘယ်မှာ နေတယ်ဆိုတာကိုတော့ ကျုပ် သေသေချာချာမသိဘူး။ ဒါထက် မောင်ရင်က ဘယ်သွားမလို့လဲ၊ အဲသည် သိုင်းဆရာကြီးကို လိုက်ရှာနေတာလား”

လူစိမ်းက . . .

“ သူက အရေးမကြီးပါဘူးဗျာ။ အရေးကြီးတာက ခင်ဗျားပါ”

“ ကျုပ်က အရေးကြီးတာ”

“ ဟုတ်တယ်”

အိမ်ရှင် ကြောင်အမ်းအမ်းဖြစ်သွား၏။

“ ကျုပ်က ဘာများ အရေးကြီးတာလဲ ပြောပါဦး”

လူစိမ်းက . . .

“ ကျုပ် သည်ကိုရောက်လာတာ ဘယ်သူမှ မသိစေချင်လို့ပေါ့ဗျာ”

“ မောင်ရင်လေးက ခရီးသွားရင်း မိုးရွာလာလို့ ကျုပ်အိမ်မှာဝင်ပြီး မိုးခိုတာမဟုတ်လား၊ ဒါက . . . ”

“ ကျုပ်က ဘယ်သူမှ မသိစေချင်ဘူး”

==========

လူစိမ်းက ကြားဖြတ်ပြောရင်း ထိုင်ရာမှ ထလိုက်လေသည်။

သူ၏မျက်နှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေသည်။

မျက်လုံးများကလည်း အရောင်တဖိတ်ဖိတ်တောက်ပနေသည်။

အလွန်ရက်စက် ကြမ်းကြုတ်သူတစ်ယောက်အသွင်မျိုး ပြောင်းလဲသွားပြီ ဖြစ်လေသည်။

အိမ်ရှင် ရင်ထိတ်သွားလေသည်။

“ မင်း . . . မင်း”

လူစိမ်းက . . .

“ ခင်ဗျား ကူညီခဲ့တာ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ကျုပ်အကြောင်းကို ဘယ်သူမှ မသိစေချင်ဘူး”

“ မင်း . . . မင်း ”

“ သူတို့ ကျုပ်နောက်ကို လိုက်လာနေကြပြီ”

လူစိမ်း၏စကားက ထူးခြားနေသည်။

အပြင်ဘက်၌ မိုးစဲသွားပြီဖြစ်သော်လည်း မိုးရေစက်များက တဖြောက်ဖြောက် ကျဆင်းနေဆဲ . . .

အေးစိမ့်သော လေများကလည်း တဟူးဟူး တိုက်ခတ်နေဆဲ . . .

အခြား ဘာမှ မထူးခြားပါချေ။

အိမ်ရှင်သည် ပါးစပ်အဟောင်းသားဖြင့် လူစိမ်းကို ငေးကြည့်နေသည်။

လူစိမ်းနောက်သို့ မည်သူများ လိုက်လာကြပါသနည်း။

လူစိမ်းက . . .

“ သူတို့ရောက်လာရင် ကျုပ် သည်နေရာမှာ ရှိနေတာ သိသွားတော့မယ်၊ ဒါကြောင့် . . .”

စကားဆုံးအောင် မပြောဘဲ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

“ဝုန်း”

“ အား”

အိမ်ရှင် စူးရှစွာ အော်ဟစ်ရင်း လဲကျသွားတော့သည်။

အပြင်ဘက်မှ ဆူဆူညံညံ အသံများကြောင့် မိန်းမပျိုက အတွင်းဘက်မှ ပြေးထွက်လာလေသည်။

“ဖေဖေ”

ဖခင်ကြီး ကြမ်းပြင်ပေါ် လဲကျနေသည်ကို မြင်လျှင် အထိတ်တလန့် ခေါ်လိုက်လေသည်။

လူစိမ်းသည် မိန်းမပျိုလေး အနီးသို့ ရိပ်ခနဲ ရောက်ရှိသွားလေသည်။

သူ၏ သန်မာသော လက်တစ်ဖက်က မိန်းမပျိုအား ဖမ်းဆီးချုပ်ကိုင်ထားပြီးသား ဖြစ်သွားလေသည်။

“ အသံမထွက်နဲ့ တိတ်တိတ်နေစမ်း”

ဟုလည်း ငေါက်လိုက်လေသည်။

မိန်းမပျိုက အတင်းရုန်းကန်လိုက်သည်။

“ လွှတ် . . . လွှတ်၊ ကျွန်မကို လွှတ်၊ ရှင့်ကို ကျွန်မအဖေကူညီခဲ့တယ်။ ရှင်ကတော့ ကျေးဇူးကန်းတယ်။ လူယုတ်မာ၊ ခုချက်ချင်း လွှတ်စမ်း ”

သူမ ဒေါသတကြီး ဖြစ်နေပါတော့သည်။

“ မင်းသေချင်ပြီ ထင်တယ်”

လူစိမ်းက သူမအား လက်ပြန်ရိုက်ချလိုက်လေသည်။

“ဖြောင်း”

“ အမယ်လေး”

မိန်းမပျိုမှာ ကြမ်းပြင်ပေါ်လဲကျကာ သတိလစ်မေ့မြော သွားလေတော့သည်။

ထိုအချိန်မှာပင် . . .

“ ဟူး . . . ဟူး”

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာပြီး လူတစ်စုမှာ အိမ်ကလေးအနီးသို့ ရောက်ရှိလာကြတော့သည်။

*

လက်နက်ကိုယ်စီကိုင်ထားသူတစ်စုသည် အိမ်ကလေးအနီးသို့ ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ အဝါရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ဦးဖြစ်လေသည်။

လူရွယ်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

“ သည်အိမ်ကို ဝင်ပြီး စစ်ဆေးကြည့်ကြပါ”

ဟုပြောလိုက်လျှင် မားကိုင်ထားသူနှစ်ယောက်က သတိထားပြီး အိမ်ထဲဝင်သွားကြလေသည်။

အိမ်ထဲရောက်လျှင် ကြမ်းပြင်ပေါ် လဲကျနေသည့် အိမ်ရှင်နှင့် သမီးပျိုအား တွေ့ရှိသွားလေသည်။

“မြန်မြန် လာကြပါ”

ထိုလူနှစ်ယောက်၏ အသံကြောင့် အဝါရောင်ဝတ်လူရွယ်နှင့် ကျန်သိုင်းသမားများ အိမ်ထဲ ပြေးဝင်သွားကြလေသည်။

လူရွယ်သည် လဲကျနေသည့် အိမ်ရှင်တို့အား တွေ့လိုက်ရသည်နှင့် အခြေအနေကို နားလည်သဘောပေါက်သွားလေတော့သည်။

“ သူသည် သည်နေရာကို ရောက်လာတာ သေချာနေပြီ၊ လိုက်ရှာကြပါ ”

အားလုံးသည် လက်နက်ကိုယ်စီ ဆွဲထုတ်ကာ အိမ်တွင်း အိမ်ပြင် လိုက်ရှာကြလေသည်။

သို့သော် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

အဝါရောင်ဝတ်လူရွယ် မကျေမနပ် ဖြစ်သွား၏။

“ သူ သည်နေရာကို ရောက်လာတယ်၊ သည်အိမ်က လူတွေကို တိုက်ခိုက်သွားတာ သိပ်မကြာသေးဘူး။

ထွက်ပြေးသွားတယ်ဆိုရင်တောင် ဝေးဝေးကို မရောက်နိုင်သေးဘူး။ သူ့ကို အလွတ်ပေးလို့ မဖြစ်လို့ ကျုပ်တို့လိုက်ရှာကြမယ်”

“ ကောင်းပါပြီ”

အားလုံး သဘောတူလိုက်ကြသည်။

အိမ်ထဲမှ အလျှိုလျှို ထွက်သွားကြလေသည်။

အဝါရောင်ဝတ်ထားသော လူရွယ်ကလည်း အိမ်ထဲမှ လှမ်းထွက်ရန် ဟန်ပြင်လိုက်လေ သည်။

ရုတ်တရက် သူ၏ခြေလှမ်း ရပ်တန့်သွား၏။

သိုင်းသမားတစ်ယောက် ဖြစ်သည့်အတိုင်း မသိစိတ်က အိမ်ထဲ၌ တစ်စုံတစ်ယောက် ရှိနေသည်ဟု ခံစားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

လူရွယ်က အသက်ပြင်းပြင်းရှူရှိုက်လိုက်သည်။

မျက်စိနှင့် နားကို အစွမ်းကုန်ဖွင့်ကာ သတိထားလိုက်၏။

တစ်ခဏအတွင်းမှာပင် လူရွယ်၏မျက်နှာ ပြုံးယောင်သန်းလာလေသည်။

“ ဆင်းလာခဲ့စမ်း”

အော်ငေါက်ရင်း လက်ဝှေ့ယမ်းလိုက်လေသည်။

“ ၃စ် . . . ၃စ် . . . ၃စ်”

လက်နက်ပုန်းလေးများသည် ခေါင်မိုးထုပ်တန်းပေါ်သို့ ပစ်လွှင့်သွားလေသည်။

အိမ်ရှင်နှင့် သမီးပျိုအား ဒုက္ခပေးခဲ့သည့် လူစိမ်းမှာ ခေါင်မိုးထုပ်တန်းပေါ်၌ ပုန်းအောင်းနေပါသည်။

အဝါရောင်လူရွယ်က လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်သောအခါ လူစိမ်းဧည့်သည်သည် ခေါင်မိုးကို ထိုးဖောက်ကာ အပြင်ဘက် ခုန်ထွက်ရှောင်တိမ်းသွားလေတော့သည်။

“ပုန်း”

ခေါင်မိုး၌ အပေါက်ကြီးဖြစ်သွားသည်။

လူစိမ်းဧည့်သည် အပြင်ဘက်ရောက်ရှိသွားလေသည်။

ထို့နောက် အပြင်ဘက်မှ ဆူဆူညံညံ အသံများထွက်ပေါ်လာလေတော့သည်။

*

လူစိမ်းဧည့်သည် ခေါင်မိုးပေါ်သို့ ရောက်ရှိသွားသည်နှင့် အပြင်ဘက်၌ ရှိနေကြသော သိုင်းသမားများက လက်နက်ပုန်းများ၊ ဓားမြှောင်များဖြင့် ပစ်ခတ်လိုက်ကြလေသည်။

တဒိုးဒိုး မြည်သံများနှင့်အတူ ပလူပျံအောင် ပစ်လွှင့်သွားရာ လူစိမ်းလည်း ဘာမှမတတ်နိုင် တော့ဘဲ အောက်ဘက်သို့ ခုန်ဆင်းလိုက်ရလေသည်။

အဝါရောင်လူရွယ်လည်း အိမ်အပြင်ဘက်ရောက်လာပြီး ဖြစ်ရကား. . . . .

==========

“ သူ့ကို မလွတ်စေနဲ့”

အော်ပြောရင်း ဓားတစ်လက် အသုံးပြုပြီး ဝင်ရောက်တိုက်ခိုက်လေသည်။

လူစိမ်း ရှောင်ထွက်သွား၍ မရတော့သဖြင့် ပြန်လည်တိုက်ခိုက်လိုက်ရတော့သည်။

အိမ်ကလေးရှေ့ မိုးရေစက်များကြား၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာတော့သည်။

လူစိမ်းနည့်သည်မှာ ထိပ်တန်းသိုင်းပညာရှိသူ တစ်ယောက်ဖြစ်လေသည်။

သူ၏ သိုင်းကွက်များသည် ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များဖြစ်နေသည်။

ထို့ကြောင့် ဝိုင်းရံထားကြသူများ သတိကြီးစွာထားကာ ရင်ဆိုင်ကြရလေသည်။

တစ်ချက်ကလေး မှားယွင်းသွားသည်နှင့် ထိခိုက်ဒဏ်ရာရသွားလိမ့်မည် မဟုတ်ပါလား။

“အား”

“အမယ်လေး”

တိုက်ပွဲစပြီး တစ်ခဏအတွင်းမှာပင် သိုင်းသမားနှစ်ယောက် ထိခိုက်ဒဏ်ရာရကာ နောက် ဆုတ်လိုက်ကြရသည် မဟုတ်ပါလား။

အဝါရောင်လူရွယ်က . . .

“ ခင်ဗျား ကြိုးစားနေလို့လည်း အပိုပါပဲဗျာ၊ ကျုပ်တို့ လက်ထဲက မလွတ်နိုင်တော့ပါဘူး”

ဟု ကြုံးဝါးရင်း ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

အဝါရောင်လူရွယ်၏မားသိုင်းသည် ဝူတန်ဂိုဏ်း၏ ထင်ရှားသော ခုနစ်စဉ်ကြယ်မားသိုင်းဖြစ် လေသည်။

မားတစ်ချက် ခုတ်လိုက်သည်နှင့် မားကွက်ခုနစ်ကွက် ထွက်ပေါ်လာပြီး လူစိမ်းဧည့်သည်၏ အဓိကကျသော သွေးကြောခုနစ်နေရာသို့ တိုးဝင်သွားလေသည်။

သွေးကြောတစ်နေရာကို တိုက်ခိုက်ခံရလိုက်လျှင် လူစိမ်းဧည့်သည် လဲကျသွားလိမ့်မည်ဖြစ်လေသည်။

လူစိမ်းဧည့်သည်သည် အဝါရောင်ဝတ်ထားသူ၏ မားချက်များမှာ ထိပ်တန်းအဆင့်ရှိသည်ကို တွေ့လိုက်ရလျှင် မားဝှေ့ယမ်းကာ ခုခံရင်း နောက်ဆုတ်လိုက်လေသည်။

အဝါရောင်လူရွယ်က . . .

“ ခင်ဗျား ပြေးမယ် မကြံပါနဲ့ဗျာ”

လက်တစ်ဖက်က မား၊ ကျန်လက်တစ်ဖက်က လက်ဝါးသိုင်းကို အသုံးပြုကာ သိုင်းကွက် နှစ်မျိုး ပေါင်းစပ်အသုံးပြုလိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ လေမုန်တိုင်း တိုက်ခတ်သည့်အလား ကြောက်မက်ဖွယ်ကောင်းအောင်=== ပြင်းထန်နေပါတော့သည်။

==========

လူစိမ်းဧည့်သည်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့တော့ပဲ . . . .

“ ဟိတ်”

ညာသံပေးကာ မြေပေါ်ခြေစောင့်ပြီး နောက်ကျမ်းပစ်၍

ခုန်ထွက်လိုက်လေသည်။

“ မပြေးနဲ့”

အဝါရောင်လူရွယ်က ရှေ့တိုးကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

လက်ဝါးရိုပ်များသည် လူစိမ်းဧည့်သည်အား လွှမ်းခြုံထားလိုက်လေသည်။

“ ဝုန်း”

“ အား”

စူးရှကျယ်လောင်သော အသံများထွက်ပေါ်လာသည်။

လူစိမ်းဧည့်သည် အဝါရောင်လူရွယ်တိုက်ခိုက်လိုက်သည့် လက်ဝါးအရှိန်ဖြင့် ဆက်လက်ခုန်ထွက်သွားလေသည်။

သူက ရှောင်တိမ်းထွက်သွားဖို့ အဓိက ဦးစားပေးမည်ဟု မည်သူကမှ မထင်မှတ်ခဲ့ကြပါချေ။

ထို့ကြောင့် လူစိမ်းဧည့်သည် တစ်ဖွတ်ထိုး ရှောင်ထွက်သွားသောအခါ ဟန့်တားနိုင်စွမ်း မရှိကြတော့ချေ

“ ဟူး . . . ဟူး”

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာကာ လူစိမ်းဧည့်သည်သည် အဝေးသို့ ရောက်ရှိသွားပြီး မိုးရေစက်များကြား တိုးဝင်ကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

လူစိမ်းဧည့်သည် ထွက်ပြေးရှောင်တိမ်းသွားပြီ ဖြစ်လေသည်။

အဝါရောင်လူရွယ် မကျေမနပ်ဖြစ်သွားလေသည်။

“ သူက ထွက်ပြေးဖို့လောက်ပဲ ကြိုးစားနေတာကိုး။ သည်လောက်တောင်မှ သူရဲဘော ကြောင်လိမ့်မယ် မထင်မိဘူး။”

ထွက်ပြေး၍ မရနိုင်တော့ဟု ယုံကြည်ထားခြင်းကြောင့် ထွက်ပြေးသွားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

“ တောက်၊ နောက်တစ်ခါတွေ့ရင် ခင်ဗျား မလွတ်ရစေဘူးဗျာ၊ ကျုပ်ကတိပေးပါတယ်”

ဟု ကြုံးဝါးလိုက်လေသည်။

သိုင်းသမားများက သူ၏အနီးသို့ ရောက်ရှိလာကြလေသည်။

အဝါရောင်လူရွယ်က . . .

“ သူထွက်ပြေးသွားပြန်ပြီ၊ သူလွတ်မြောက်နေသမျှ သိုင်းလောက အေးချမ်းသာယာနိုင်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် သူ့ကို မိအောင် ဖမ်းရမယ်၊ သူ့နောက်ကို လိုက်ရမယ်”

ဟု ပြောလိုက်၏။

သိုင်းသမားများကလည်း သဘောတူလိုက်ကြလေသည်။

ထိုစဉ် . . .

“ရွှီး”

“ ဖောက်”

ကောင်းကင်ပေါ်သို့ အချက်ပြမီးကျည်တစ်ခု ထိုးတက်သွားသည်ကို တွေ့လိုက်ရလေသည်။

သိုင်းသမားတစ်ယောက် အော်ပြောလိုက်သည်။

“ဒါဝူတန်ဂိုဏ်းက အချက်ပြမီးကျည်ပဲ”

အဝါရောင်လူရွယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

“ခင်ဗျားတို့ သူ့နောက်ကို လိုက်သွားကြပါ။ ကျုပ်လည်း မကြာခင် လာခဲ့ပါမယ်”

ဟုပြောဆိုပြီး အချက်ပြမီးကျည် ထွက်ပေါ်လာရာဘက်ဆီသို့ ပြေးလွှားသွားလေတော့သည်။

*